ဗိုကိုလာရေလှုပ်ရှားမှု

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

အောက်တိုဘာလ ၂၀၁၇

"ခရစ်တော်ယေရှု၌ရှိသောစိတ်သဘောကိုသင်တို့၌လည်းတည်ရှိစေကြလော့" (ဖိလိပိ ၂း၅)

ရှင်ပေါလူး ထောင်တွင်းအကျဉ်းကျခံနေရစဉ် ဖိလိပိမြို့ရှိ ခရစ်ယာန်အသိုင်းအဝိုင်းထံရေးသားခဲ့သော ဩဝါဒမိန့်မှာချက်ဖြစ်ပါသည်။ သူသည်ထိုမြို့၌ ပထမဆုံးတစ်ရားဟောကြားခဲ့စဉ်က မြောက်မြားစွာသောလူတို့သည် ယုံကြည်ခဲ့ကြပြီး ထိုအသက်တာသစ်အတွက်မိမိတို့ကိုယ်ကို ရက်ရောစွာဆက်ကပ်ခဲ့ကြပါသည်။ ရှင်ပေါလူး ထိုအရပ်မှထွက်ခွာသွားပြီးနောက်ပိုင်းမှာပင်လျှင် သူတို့သည်ခရစ်ယာန်ချစ်ခြင်းမေတ္တာကို ဆက်လက်သက်သေခံခဲ့ကြပါသည်။ ထိုသတင်းက ရှင်ပေါလူးအဖို့ဝမ်းမြောက်ပျော်ရွှင်စေခဲ့သည့်အတွက် သူ၏စာမှာ ဖိလိပိမြို့သားတို့အပေါ် သံယောဇဉ်အပြည့်ဖြင့် ဖေါ်ပြလျက်ရှိပါသည်။ ထိုနောက်သူကတစ်ဦးချင်းသော်လည်းကောင်း၊ အသိုင်းအဝိုင်းအားဖြင့်သော်လည်းကောင်း ဆက်လက်တိုးတက်ရှင်သန်သွားကြဖို့တိုက်တွန်းခဲ့ပါသည်။ ထို့ကြောင့်လည်း ရှင်ပေါလူးကသမ္မာကျမ်းစာတော်မြတ်မှ သူတို့နာယူအပ်သောစံပြပုဂ္ဂိုလ်ဖြစ်သူကို သတိပေးခဲ့ခြင်းဖြစ်သည်။

"ခရစ်တော်ယေရှု၌ရှိသောစိတ်သဘောကိုသင်တို့၌လည်းတည်ရှိစေကြလော့"

ထို "စိတ်သဘော"ဆိုသည်ကားအဘယ်နည်း။ သခင်ယေရှုအားအတုယူရန် ကိုယ်တော်ရှင်ထားရှိတော်မူသောအလေးနက်ဆုံးဆန္ဒသဘောကို ကျွန်ုပ်တို့မည်သို့သိနိုင်မည်နည်း။ ဘုရားသခင်၏သားတော် ခရစ်တော်သခင်ယေရှုရှင်သည်မိမိ၏ရှိသမျှဘုန်းစည်းစိမ်ကိုစွန့်လွှတ်လျက် ကျွန်ုပ်တို့အလယ်သို့ကြွဆင်းတော်မူခဲ့ကြောင်းကို ရှင်ပေါလူးသိထားပါသည်။ ကိုယ်တော်ရှင်သည်လူ့ဇာတိကိုခံယူလျက် အဖခမည်းတော်ဘုရား၏အမှုတော်အတွက် အပြည့်အဝပေးဆက်ခဲ့ခြင်းအားဖြင့် ကျွန်ုပ်တို့သည်ဘုရားသခင်၏သားသမီးများအဖြစ် ခံယူခွင့်ရရှိခဲ့ကြပါသည်။ သခင်ယေရှုသည် သက်တော်စဉ်တစ်လျှောက်လုံး ကျင့်ကြံနေထိုင်ပြခဲ့သည့်အသက်တာလမ်းစဉ်အားဖြင့် သူ၏အမှုတော်ကို ပြီးပြည့်စုံစေခဲ့ပါသည်။ အစဉ်အပြတ်မိမိကိုယ်ကိုနှိမ့်ချခဲ့ခြင်းအားဖြင့် အငယ်ဆုံးသောသူများဖြစ်သည့်အားနည်းသောသူ သို့မဟုတ် သိမ်ငယ်သောသူများ၊ နူနာစွဲသူများ၊ မုဆိုးမများ၊ တစိမ်းတရံများ သို့မဟုတ်အပြစ်သားများတို့ထံရောက်အောင်သွားခဲ့ပြီး ထိုသူတို့၏ဘဝကိုမြှင့်တင်ပေးခြင်း၊ ချစ်ခြင်းမေတ္တာကိုခံစားရစေခြင်းနှင့် နောက်ဆုံး ကယ်တင်ခြင်းတို့ကိုပေးခဲ့ပါသည်။

"ခရစ်တော်ယေရှု၌ရှိသောစိတ်သဘောကိုသင်တို့၌လည်းတည်ရှိစေကြလော့"

သခင်ယေရှု၏စိတ်သဘောကိုသိမှတ်ပြီး ကျွန်ုပ်တို့အတွင်းဝယ်ပျိုးထောင်နိုင်ရန်အလို့ငှာ ဦးစွာပထမ ကိုယ်တော်ရှင်၏ချစ်ခြင်းမေတ္တာတော်နှင့် ခွင့်လွှတ်ခြင်းစွမ်းပကားကို သတိပြုရမည်ဖြစ်သည်။ ထို့နောက်ကိုယ်တော်ရှင်ကိုကြည့်ပြီး

သူ၏နေထိုင်မှုပုံစံကိုမိမိကိုယ်ပိုင်အဖြစ်ပြုကြရပေမည်။ ယင်းကား ကျွန်ုပ်တို့၏နှလုံးသားများ၊ စိတ်သဘောထားများနှင့် လက်တို့ကိုဖွင့်ဟကမ်းလှမ်းလျက် လူတစ်ဦးချင်းစီအား သူတို့ရှိသည့်အတိုင်းကြိုဆိုကြဖို့ တိုက်တွန်းခြင်းဖြစ်ပါသည်။ သူတစ်ပါးအားစီရင်ဆုံးဖြတ်ခြင်းတို့ကိုရှောင်ရှားကြပါစို့၊ သို့သော်ကျွန်ုပ်တို့ဆုံတွေ့သမျှလူတိုင်းအပေါ် တုန့်ပြန်မှုတိုင်းက အပြုသဘောဆောင်မှုများသာဖြစ်စေရမည်။ ကျွန်ုပ်တို့အနေဖြင့် “အချိန်ဖြုန်းနေတာပဲ”ဟု ခံစားမိစေသည့်မကောင်းမှုများ နှင့် အမှားများတိုးတက်များပြားနေသည့်ကြားမှပင်လျှင် အပြုသဘောဆောင်မှုကိုရှာဖွေကြပါစို့။ ကျွန်ုပ်တို့ကိုယ်ပိုင်အဖြစ် ပြုနိုင်သောသခင်ယေရှုး၌ရှိသည့် အခိုင်မာဆုံးတွေးခေါ်မှုအလေ့အထမှာ ချစ်ခြင်းမေတ္တာပင်ဖြစ်ပြီး ၎င်းကို လွတ်လပ်စွာ ပေးဝေနိုင်သည်၊ အခြားသူတို့အတွက်ပေးဆက်ဖို့ အဆင်သင့်ရှိနေသည့်စိတ်ထား၊ ကျွန်ုပ်တို့၏အစွမ်းအစများသည် ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ယင်းတို့ကို အသုံးပြုခြင်းတို့ဖြစ်သည်။ ကျွန်ုပ်တို့ မည်သည့်နေရာတွင်ရှိနေပါစေ၊ ကောင်းမြတ်သော ဆက်ဆံရေးကိုတည်ဆောက်ဖို့ရန် ၎င်းတို့ကိုရဲရဲဝံ့ဝံ့နှင့် အပြုသဘောဖြင့် အသုံးပြုနိုင်ပါသည်။ ထိုချစ်ခြင်းမေတ္တာသည်ကျွန်ုပ်တို့အခက်အခဲများ၊ နှိမ့်ချသောစိတ်သဘော၌နားလည်မှုလွဲမှားခြင်းနှင့် အမြင်မတူခြင်းတို့နှင့် ရင်ဆိုင်ရသည့်အခါတွင်လည်း ဆွေးနွေးဖလှယ်ခြင်းနှင့်သဘောတူညီမှုရရှိရန်အတွက် လမ်းစရှာဖွေနိုင်ရာတွင် အထောက်အကူဖြစ်စေပါလိမ့်မည်။

“ခရစ်တော်ယေရှုး၌ရှိသောစိတ်သဘောကိုသင်တို့၌လည်းတည်ရှိစေကြလော့”

ကယားရာလူးဘစ်သည် သူမ၏အသက်တာတစ်လျှောက်လုံး၌ အသက်ပေးသည့်နှုတ်တော်ထွက်စကား၏ လမ်းပြမှုကိုခံယူခဲ့ပြီး ယင်း၏စွမ်းပကားကိုလည်း တွေ့ကြုံခံစားခဲ့ရပါသည်။ သူမက “ခရစ်တော်အားအတုယူခြင်းဆိုသည်မှာ အခြားသူတို့အတွက်အသက်ရှင်ပြီး ကျွန်ုပ်တို့သက်ရှင်ရပ်တည်နေခြင်းကို အခြားသောညီအစ်ကိုမောင်နှမများအတွက် ပေးဆက်ရန်အဖြစ်ရှုမြင်ခဲ့မည်ဆိုပါလျှင် ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာသည်အဓိပ္ပာယ်ရှိပါလိမ့်မည်။ အကယ်၍ ကျွန်ုပ်တို့၏အသက်တာတစ်ခုလုံးအား ဤအခြေခံအချက်ပေါ်ရပ်တည်ခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့သည်လည်း သခင်ယေရှုး၏ စိတ်ရင်းနှလုံးသားထဲရှိသည့်အတိုင်း အမှန်တကယ်လုပ်ဆောင်နိုင်ပါလိမ့်မည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာတော်မြတ်အတိုင်း ကျင့်ကြံလိုက်လျှောက်ကြခြင်းဖြင့် အမှန်တကယ်ကောင်းချီးခံစားကြရပေမည်” ဟု ရေးသားဖော်ပြခဲ့ပါသည်။

*Letizia Magri*